Akron Children's

# ကျောင်းအခြေပြု ကျန်းမာရေးစင်တာ

## Akron Public Schools မြန်ဆန်လွယ်ကူစွာ ကုသမှု

ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များအတွက် ဆေးကုသမှုဆိုင်ရာ အချက်အလက်များအား မျှဝေမည်မဟုတ်သည့် သီးသန့်ကုသမှုကို Akron Children's ကလေးအထူးကုများနှင့် ကျောင်းသူနာပြုများက သင့်ကလေး၏ကျောင်းတွင် ပံ့ပိုးပေးနေပြီဖြစ်ပါသည်။

သင့်ကလေးသည် အောက်ပါကဲ့သို့ အသေးစားရောဂါများအတွက် ကုသမှုကို သင့်ခွင့်ပြုချက်ဖြင့် ခံယူနိုင်ပြီဖြစ်ပါသည်–

- **အအေးမိတုပ်ကွေး**
- **အဖျား**
- **လည်ချောင်းနာခြင်း**
- **ဓာတ်မတည့်ခြင်းနှင့် ခေါင်းရိုးလိုဏ်ခေါင်းပိုင်းဆိုင်ရာ ပြဿနာများ**
- **ပန်းနာရင်ကျပ်ရောဂါကို စီမံခန့်ခွဲရာတွင် အထောက်အကူပေးခြင်း**
- **မျက်ခမ်းရောင်ရမ်းနာ**
- **အရေပြားပေါ်တွင် အဖုအပိမ့်၊ အနီကွက်ထခြင်းနှင့် အဆိပ်နွယ်ပင်ကြောင့် အရေပြားရောင်ရမ်းနာ**
- **အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ**

ဖော်ပြပါတို့အတွက် ရက်ချိန်းကြိုတင်စီစဉ်ပြီး ပြသမှုများကို Akron Public Schools များတွင် ကမ်းလှမ်းပေးအပ်လျက်ရှိပါသည်–

- **နှစ်စဉ် ကျန်းမာရေးစစ်ဆေးမှုများ**
- **အားကစားတစ်မျိုးမျိုးလုပ်ရန် သင့်တော်မှုရှိမရှိ ကြိုတင်အကဲဖြတ်မှုများ**
- **ကာကွယ်ဆေးများ**

### အားသာချက်များ

- **အဆင်ပြေလွယ်ကူခြင်း** – သင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်အတွက် အလုပ် သို့မဟုတ် အိမ်မှ တကူးတကထွက်လာစရာမလိုပါ။
- **မြန်ဆန်ခြင်း** – လိုအပ်ပါက ဆရာဝန် ဆေးအညွှန်းစာကို သင်ဝယ်ယူလိုသည့် ဆေးဆိုင်သို့ ပို့ပေးပါသည်။
- **သတင်းအချက်အလက်ပေးပို့ခြင်း** – ပြုစုကုသမှုအစီအစဉ်၊ ဆရာဝန်နှင့် ပြသမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို သင့်အိမ်သို့ ပို့ပေးသည့်အပြင် MyChart တွင်လည်း တင်ပေးပါသည် (စသုံးနိုင်အောင် ဖွင့်ရန် လိုအပ်ပါသည်)။
- **တတ်နိုင်သော အဖိုးအခဖြင့် ကုသပေးခြင်း** – လိုအပ်နေသည့် မည်သည့်ကလေးကိုမဆို ကျွန်ုပ်တို့က ပြုစုကုသပေးမည်ဖြစ်ပါသည်။ သင့်တွင် ပုဂ္ဂလိကကျန်းမာရေးအာမခံ သို့မဟုတ် Medicaid ရှိပါက ကျွန်ုပ်တို့၏ဝန်ဆောင်မှုများအတွက် ကုန်ကျငွေတောင်းခံလွှာကို အဆိုပါအာမခံကုမ္ပဏီများသို့ ပေးပို့တောင်းခံပါသည်။

### ယနေ့ပဲ စာရင်းသွင်းလိုက်ပါ။

သဘောတူခွင့်ပြုချက်ဖောင်ကို ဖြည့်ပေးပြီး သင့်ကလေးကျောင်းသို့ ပြန်ပို့ပေးပါ။



ဤဝန်ဆောင်မှုများသည် သင့်ကလေးအား ကုသပေးနေသည့် ဆရာဝန်၏ကုသမှုများကို အစားထိုးမည်မဟုတ်ပါ။ သင့်ကလေးသည် ဆရာဝန်ပြရန် လိုအပ်ပါက ဆရာဝန်တစ်ယောက်ရှာပေးပါမည်။

**စုံစမ်းမေးမြန်းလိုပါသလား။**
**330-543-7242**
**akronchildrens.org /schoolhealth**

**အမေးများသော အမေးအဖြေအပြည့်အစုံအတွက် ဖော်ပြပါကုဒ်ကို စကန်ဖတ်ပါ-**

# Akron Public Schools ကျောင်းအခြေပြု ကျန်းမာရေးစင်တာ - အမေးများသော မေးခွန်းများ (FAQs)

Akron Children's

**Q:** **ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုတွေက ဘာတွေပါလဲ။**

**A:** ကျောင်း၌ပင် မြန်ဆန်လွယ်ကူစွာ ပြုစုကုသပေးမှု ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များအတွက် ဆေးကုသမှုဆိုင်ရာ အချက်အလက်များအား မျှဝေမည်မဟုတ်သည့် သီးသန့်ကုသမှုကို Akron Children's ကလေးအထူးကုများနှင့် ကျောင်းသူနာပြုများက သင့်ကလေး၏ကျောင်းတွင် ပံ့ပိုးပေးနေပြီဖြစ်ပါသည်။

**Q:** **ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အကျိုးကျေးဇူးတွေက ဘာတွေပါလဲ။**

**A:** အဆင်ပြေလွယ်ကူခြင်း – သင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်အတွက် အလုပ် သို့မဟုတ် အိမ်မှ တကူးတကထွက်လာစရာမလိုပါ။
မြန်ဆန်ခြင်း – လိုအပ်ပါက ဆရာဝန် ဆေးအညွှန်းစာကို သင်ဝယ်ယူလိုသည့် ဆေးဆိုင်သို့ ပို့ပေးပါသည်။
သတင်းအချက်အလက်ပေးပို့ခြင်း – ပြုစုကုသမှုအစီအစဉ်၊ ဆရာဝန်နှင့် ပြသမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို သင့်အိမ်သို့ ပို့ပေးသည့်အပြင် MyChart တွင်လည်း တင်ပေးပါသည် (စသုံးနိုင်အောင် ဖွင့်ရန် လိုအပ်ပါသည်)။
တတ်နိုင်သော အဖိုးအခဖြင့် ကုသပေးခြင်း – လိုအပ်နေသည့် မည်သည့်ကလေးကိုမဆို ကျွန်ုပ်တို့က ပြုစုကုသပေးမည်ဖြစ်ပါသည်။ သင့်တွင် ပုဂ္ဂလိကကျန်းမာရေးအာမခံ သို့မဟုတ် Medicaid ရှိပါက ကျွန်ုပ်တို့၏ဝန်ဆောင်မှုများအတွက် ကုန်ကျငွေတောင်းခံလွှာကို အဆိုပါအာမခံကုမ္ပဏီများသို့ ပေးပို့တောင်းခံပါသည်။

**Q:** **ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုများအတွက် ကျွန်ုပ်၏ကလေးကို ဘယ်လိုစာရင်းပေးလို့ရမလဲ။**

**A:** သဘောတူခွင့်ပြုချက်ဖောင်ကို ဖြည့်ပေးပြီး သင့်ကလေး၏ကျောင်းရှိ သူနာပြုရုံးခန်းသို့ ပြန်ပို့ပေးပါ။

**Q:** **အွန်လိုင်းမှတစ်ဆင့် ပြသမှုဆိုတာ ဘာပါလဲ။**

**A:** အွန်လိုင်းမှတစ်ဆင့် ပြသနေချိန်တွင် ကျောင်းသူနာပြုရုံးခန်းတွင် ရှိနေမည့် သင့်ကလေးကို Akron Children's ၏ ကလေးအထူးကုဆရာဝန်က ကွန်ပျူတာ သို့မဟုတ် iPad မှတစ်ဆင့် ကြည့်ရှုစစ်ဆေးပေးမည်ဖြစ်ပါသည်။ iPhone တွင် FaceTime ကို အသုံးပြုခြင်းကဲ့သို့ပင်ဖြစ်ပါသည်။

**Q:** **ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုတွေက ဘယ်လိုအလုပ်လုပ်ပါသလဲ။**

**A:** သင့်ကလေးကို Akron Children's ကျောင်းသူနာပြုက ကျောင်းချိန်အတွင်းမှာပင် ကနဦးကျန်းမာရေးစစ်ဆေးမှုပြုလုပ်ပေးပါမည်။ သင့်ကလေးတွင် အသေးစားဖျားနာမှုရှိနေပြီး Akron Children's ကလေးအထူးကုထံမှ ကုသမှုခံယူခြင်းဖြင့် အကျိုးရှိနိုင်ပါက ယင်းသို့ပြသပေးရန်အတွက် သင့်သဘောတူခွင့်ပြုချက်ကို ၎င်းတို့က တောင်းခံလာပါမည်။

အချို့ကျောင်းများသည် ကြိုတင်ကာကွယ်သောအားဖြင့် လုပ်ဆောင်သည့် နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှုများ၊ အားကစားတစ်မျိုးမျိုးပြုလုပ်ရန် သင့်တော်မှုရှိမရှိကို ကြိုတင်အကဲဖြတ်ပေးမှုများနှင့် ကာကွယ်ဆေးထိုးမှုများကို ဆရာဝန်နှင့် ကိုယ်တိုင်ကိုယ်ကျလာရောက်ပြသမှုအပြင် တယ်လီကျန်းမာမှတစ်ဆင့် ရက်ချိန်းစီစဉ်ပြသမှုများကိုပါ ကမ်းလှမ်းပေးအပ်နေပါသည်။ ၎င်းဝန်ဆောင်မှုများအတွက် ရက်ချိန်းကြိုတင်စီစဉ်ပြီး ပြသရန် လိုအပ်ပါမည်။ ရက်ချိန်းကြိုတင်စီစဉ်ရန် 330–543–7242 သို့ ခေါ်ဆိုပါ။

**Q:** **ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုသည် ငွေကြေးကုန်ကျပါမည်လား။**

**A:** ငွေကြေးကုန်ကျမည်ဖြစ်သော်လည်း ငွေပေးချေရန် မတတ်နိုင်သည့် ကလေးကို လျစ်လျူရှုရန် မရှိပါ။ လိုအပ်နေသည့် မည်သည့်ကလေးကိုမဆို ကျွန်ုပ်တို့က ကုသပေးသွားပါမည်။ သင့်တွင် ပုဂ္ဂလိကကျန်းမာရေးအာမခံ သို့မဟုတ် Medicaid ရှိပါက ကျွန်ုပ်တို့၏ဝန်ဆောင်မှုများအတွက် ကုန်ကျငွေတောင်းခံလွှာကို အဆိုပါအာမခံကုမ္ပဏီများသို့ ပေးပို့တောင်းခံပါသည်။ ပူးတွဲပေးချေမှု သို့မဟုတ် အဖိုးအခများကို ကျောင်းတွင် တောင်းခံသွားမည်မဟုတ်ပါ။

**Q:** **ကျွန်ုပ်၏ကလေးသည် ကျောင်းတက်သည့် နေ့တိုင်းတွင် ကလေးအထူးကုဆရာဝန်ထံ သွားရောက်ပြသနေရပါမည်လား။**

**A:** မသွားရပါ။ ဆရာဝန်၏ကုသမှုနှင့် တူညီသည့် အကောင်းဆုံးသော ပြုစုကုသမှုအဆင့်ကို Akron Children's Hospital ကျောင်းသူနာပြုက သင့်ကလေးအတွက် ပံ့ပိုးပေးအပ်သွားပါမည်။ သင့်ကလေးတွင် အသေးစားဖျားနာမှုရှိနေပြီး Akron Children's ကလေးအထူးကုထံမှ ကုသမှုခံယူခြင်းဖြင့် အကျိုးရှိနိုင်ပါက ယင်းသို့ပြသပေးရန်အတွက် သင့်သဘောတူခွင့်ပြုချက်ကို ၎င်းတို့က တောင်းခံလာပါမည်။

**Q:** **ကျွန်ုပ်ကလေးအား ရက်ချိန်းစီစဉ်ပြီး ပြသချိန်တွင် ဖြစ်ပျက်သည်များကို ကျွန်ုပ်ဘက်က ဘယ်လိုသိရှိနိုင်မလဲ။**

**A:** ကျောင်းဝန်ထမ်းများသည် သင့်ကလေးအား ဆရာဝန်က စစ်ဆေးပေးမှု၊ ဆရာဝန်ဆေးအညွှန်းစာအချက်အလက်နှင့် နောက်ဆက်တွဲပြုစုကုသမှုအတွက် အကြံပြုချက်များအကြောင်းကို ဆွေးနွေးရန်တွက် သဘောတူခွင့်ပြုချက်ဖောင်တွင် ဖော်ပြထားသည့် ဖုန်းနံပါတ်ဖြင့် သင့်ထံ ဆက်သွယ်ရန် ကြိုးပမ်းပါမည်။ ကုသမှုအစီအစဉ်၊ ဆရာဝန်နှင့် ပြသမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို MyChart တွင် ထည့်သွင်းပေးမည်ဖြစ်သလို သင့်ဘက်က တောင်းဆိုမည်ဆိုပါက သင့်အိမ်သို့လည်း စာတိုက်မှတစ်ဆင့် ပို့ပေးပါမည်။

**Q:** **ကျွန်ုပ်ကလေး၏အချက်အလက်များနှင့် ရက်ချိန်းစီစဉ်ပြီး ဆရာဝန်နှင့် ပြသမှုများကို လျှို့ဝှက်ထားပေးပါမည်လား။**

**A:** ဟုတ်ကဲ့။ ရက်ချိန်းစီစဉ်ပြီး ပြသမှုများကို ကျောင်းရှိ သီးသန့်ခန်းထဲတွင် ပြုလုပ်ပေးခြင်းဖြစ်ပါသည်။ လာရောက်ပြသချိန်တွင် ဖြစ်ပျက်သည့် အကျိုးအကြောင်း၊ အဆိုးအကောင်းကို သင်၊ သင့်ကလေး၊ Akron Children's ကလေးအထူးကုဆရာဝန်နှင့် သူနာပြုများကသာ သိရှိစေရပါမည်။ သင့်ကလေးတွင် ကနဦးကုသမှုပေးသည့် အထွေထွေသမားတော်ရှိနှင့်ပြီးဖြစ်ပါက အထူးကုနှင့် ပြသမှုဆိုင်ရာ အကြောင်းအချက်များကို ၎င်းတို့လည်း သိရှိရမည်ဖြစ်ပါသည်။

**Q:** **ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးအပ်ရန်အတွက် Akron Children's ဘက်က ခွင့်ပြုချက်ရယူရန် လိုအပ်ပါသလား။**

**A:** လိုအပ်ပါသည်။ Akron Children's ကလေးအထူးကုက ပေးသည့် ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုများကို သင့်သဘောတူခွင့်ပြုချက်ဖြင့်သာ ပံ့ပိုးပေးအပ်ပါသည်။ ကလေးတိုင်းသည် ကုသမှုခံယူရန်အတွက် မိဘ/အုပ်ထိန်းသူ၏ လက်မှတ်ရေးထိုးအတည်ပြုထားသည့် သဘောတူခွင့်ပြုချက်ဖောင်လိုအပ်ပါသည်။ လက်မှတ်ရေးထိုးအတည်ပြုထားသည့် သဘောတူခွင့်ပြုချက်ဖောင်မရရှိနိုင်ပါက သဘောတူခွင့်ပြုချက်ကို တယ်လီဖုန်းမှတစ်ဆင့်လည်း ရယူနိုင်ပါသည်။

**Q:** **ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုများသည် ကျွန်ုပ်ကလေးအား ပြုစုကုသပေးနေသည့် ဆရာဝန်၏ကုသမှုများကို အစားထိုးပါမည်လား။**

**A:** ဤဝန်ဆောင်မှုများသည် ကလေးအား ပြုစုကုသပေးနေသည့် ဆရာဝန်၏ကုသမှုများကို အစားထိုးမည်မဟုတ်ပါ။ သင့်ကလေးအား ကနဦးကုသမှုပေးသည့် အထွေထွေသမားတော်မရှိပါက 330-543-7242 သို့ ခေါ်ဆိုပါ။ ကလေးအတွက် သမားတော်တစ်ဦးကို ရှာရန် Akron Children's ကျောင်းအခြေပြု ကျန်းမာရေးဝန်ဆောင်မှုများအဖွဲ့က ကူညီပေးပါလိမ့်မည်။

05/24 -5874